# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၁/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၉) ရက်

| ၉ - ၁၁ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၄၇.၃ |
| စင်္ကာပူဒေါ်လာ | ၁၅၄၈.၅ |
| စတာလင်ပေါင် | ၂၅၈၂.၁ |
| ဂျပန်ယန်း (၁၀၀) | ၁၃၉၀.၄ |
| တရုတ်ယွမ် | ၂၈၈.၂၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၉ |
| အိန္ဒိယရူပီး | ၂၅.၂၀၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၀.၀၁ |
| မလေးရှား ရင်းဂစ် | ၄၄၇.၅၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၁၄ |
| ထိုင်းဘတ် | ၅၉.၁၃၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၂၆၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ➢ အိန္ဒိယ စားသုံးသူရေးရာ အတွင်းဝန်က ဘရာဇီးနိုင်ငံအား ပဲမျိုးစုံ စိုက်ပျိုးရန်တိုက်တွန်း
  - ➢ အိန္ဒိယကမ္ဘာ့စားနပ်ရိက္ခာပြပွဲ ကာလအတွင်း ကုမ္ပဏီများအကြား နားလည်မှုစာချွန်လွှာ ၁၆ ခု လက်မှတ်ရေးထိုးနိုင်ခဲ့
  - ➢ အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးကုန်ကြမ်းပစ္စည်းများကို တင်ပို့မည့်အစား ပြုပြင်ပြီးစားသောက် ကုန်များတင်ပို့မှုကို ဆက်လက်မြှင့်တင်သွားမည်
  - ➢ အစိုးရအဖွဲ့က ဆန်စပါးအတွက် ဘတ် ၅၅ ဘီလီယံ ထောက်ပံ့မှု အစီအမံများအပေါ် ခွင့်ပြုခဲ့
- အထွေထွေသတင်းများ
  - ➢ (၆)ကြိမ်မြောက် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့

## အိန္ဒိယ စားသုံးသူရေးရာ အတွင်းဝန်က ဘရာဇီးနိုင်ငံအား ပဲမျိုးစုံ စိုက်ပျိုးရန်တိုက်တွန်း

အိန္ဒိယ စားသုံးသူရေးရာဌာန အတွင်းရေးမှူး Rohit Kumar Singh က အိန္ဒိယနှင့် ဘရာဇီး နိုင်ငံတို့အကြား ပဲမျိုးစုံ တင်သွင်းမှုအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ လူဦးရေ ၁.၄ ဘီလီယံအတွက် ပဲစင်းငုံနှင့် မတ်ပဲတို့သည် ပြည်တွင်းထုတ်လုပ်မှု ကျဆင်းခြင်းနှင့် ဝယ်လိုအားတိုးလာခြင်းတို့ကြောင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဘရာဇီးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ယင်းပဲအမျိုးအစားများကို တိုးမြှင့်စိုက်ပျိုးရန် တိုက်တွန်းထားကြောင်း Mint သတင်းဌာန၏ ဖော်ပြထားချက်များအရ သိရှိရပါသည်။

လယ်ယာစီးပွားရေးကဏ္ဍ၌ အိန္ဒိယ-ဘရာဇီး အနာဂတ်ဆက်ဆံရေးကွန်ဖရင့်တွင် စားသုံးသူ ရေးရာ အတွင်းဝန်က ပြောကြားရာတွင် အိန္ဒိယနိုင်ငံ၏ စားသုံးသူ ၁.၄ ဘီလီယံ အတွက် စား သောက်ကုန်များကို စျေးနှုန်းချိုသာစွာဖြင့် ရရှိစေရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့ရာတွင် သက်သာသောစျေးနှုန်းဖြင့် ရရှိနိုင်မှုနှင့် စျေးကွက်အတွင်းရရှိနိုင်မှုဟူသော အခက်အခဲ နှစ်ခုရှိပြီး ယင်းနှစ်ခုမှာ ဆက်စပ်နေပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ လူဦးရေအများစုသည် သက်သတ်လွတ် စားသုံး သူများဖြစ်ပါကြောင်း၊ ပြည်သူများ၏ ဝင်ငွေများတိုးလာသည်နှင့်အမျှ ပဲမျိုးစုံမှ ပရိုတင်းစားသုံးမှုမှာ လည်း တိုးလာပါကြောင်း၊ အဆိုပါ စားသုံးမှုမြင့်တက်လာမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နည်း လမ်းအမျိုးမျိုးရှာဖွေလျက်ရှိရာ ဘရာဇီးလ်နိုင်ငံ၏ မြေဆီလွှာနှင့် အခြားသော ရေ၊ မြေ၊ သဘာဝတို့ အရ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံစားသုံးမှုမှာ ဆက်လက်တည်ရှိနေမည်ဖြစ်သဖြင့် ဘရာဇီးနိုင်ငံမှ ပဲမျိုးစုံ တင်သွင်းမှုအတွက် စျေးကွက်တစ်ခုရှိမည်ကို အာမခံပါကြောင်း၊ နိုင်ငံတိုင်းသည် ပြည်တွင်းထုတ်လုပ်မှု ဖူလုံစေရေးနှင့် ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်ရေးကြိုးပမ်း ဆောင်ရွက်နေကြသကဲ့သို့ အိန္ဒိယနိုင်ငံအနေဖြင့် လည်း ဆောင်ရွက်နေသည်များရှိပါကြောင်း၊ သို့ရာတွင် အဆိုပါ ရည်မှန်းချက်အောင်မြင်ရန်မှာ အချိန်ကာလတစ်ခုအထိ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ယင်းကာလအတွင်း ပြည်ပတင်သွင်း မှုများမှာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံအနေဖြင့် ပြီးခဲ့သည့် မေလကလည်း မတ်ပဲနှင့် ပဲစဉ်းငုံ စိုက်ပျိုးရေးအတွက် ဖြစ်နိုင်ဖွယ်ရာများကို ဘရာဇီးလ်နိုင်ငံနှင့် စတင်ဆွေးနွေး ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ပဲမျိုးစုံစားသုံးမှု၏ ထက်ဝက်နီးပါးရှိသော အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာလအတွင်း ပဲနီလေး၊ ပဲစင်းငုံနှင့် မတ်ပဲ တန်ချိန် ၁.၄ သန်း တင်သွင်းခဲ့ပြီး ယခုနှစ် အလားတူကာလတွင် ၂.၂၆ သန်း တင်သွင်းထားကြောင်း၊ ပဲမျိုးစုံတင်သွင်းမှုတွင် ပဲနီလေးတင်သွင်း မှုမှာ ၁.၁ သန်းဖြင့် အများဆုံးဖြစ်ပြီး ပဲစင်းငုံနှင့် မတ်ပဲတင်သွင်းမှုမှာ ခန့်မှန်းခြေ တန်ချိန် ၇ သိန်း

နှင့် ၄ သိန်း အသီးသီးရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှုမှာ တိုးတက်မှု အချို့ရှိသော်လည်း အဆိုပါပဲမျိုးစုံဝယ်လိုအားနှင့် ရောင်းလိုအားကြား ကွာဟချက်မှာ ကျယ်ပြန့်လာပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း နှစ်စဉ် ပဲမျိုးစုံတန်ချိန် ၂ သန်းမှ ၂ သန်းခွဲခန့်အထိ တင်သွင်းရန် လိုအပ်လာကြောင်း သိရှိရသည်။

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက ပဲမျိုးစုံထွက်ရှိမှုမှာ ပြီးခဲ့သည့်နှစ်မိုးရာသီတွင် တန်ချိန် ၇.၈ သန်း ထွက်ရှိခဲ့သော်လည်း ယခုနှစ် ၂၀၂၃-၂၀၂၄ ခုနှစ်၊ မိုးရာသီတွင် ရာသီဥတု ပြောင်းလဲမှုများကြောင့် တန်ချိန် ၇.၁ သန်း သို့ အထွက်နှုန်း လျော့နည်းသွားမည်ဟု ခန့်မှန်းထားကြောင်းလည်း သိရှိရသည်။

အလားတူ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သက်သာချောင်ချိရေး ဝန်ကြီးဌာနအတွင်းဝန်က ၎င်းတို့အနေဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအလိုက် စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နေပါကြောင်း၊ ထုတ်လုပ်မှု တိုးလာသည်နှင့်အမျှ ကမ္ဘာ့ဈေးကွက်ရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့ဈေးကွက်ရရှိရေးအတွက် အဓိက စိန်ခေါ်မှုအခက်အခဲတစ်ခုမှာ တောင်သူလယ်သမားများအတွက် သင့်လျော် အဆင်ပြေသည့် နည်းပညာများ မှန်ကန်စွာရရှိရေးဖြစ်ကြောင်း ပြောကြားထားသည်။

ညီလာခံတွင် အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာ အကြံပေးအဖွဲ့ဖြစ်သည့် Niti Aayog အဖွဲ့ဝင် Ramesh Chand က အိန္ဒိယအနေဖြင့် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသည့် စက်မှုဖွံ့ဖြိုးမှုပုံစံဖြင့် စီးပွားရေးအားကောင်းအောင် ဆောင်ရွက်မှုကို လေ့လာဆောင်ရွက်ရန်၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်၊ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး အစီအစဉ်ကို ကြိုးပမ်းဆောင်ရွက်ရန်၊ လယ်ယာကဏ္ဍတွင် ရေကိုထိရောက်စွာအသုံးပြုရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဓာတ်ဆီနှင့် အီသနောရောစပ်အသုံးပြုနိုင်မှု မြှင့်တင်ရန်အတွက် နည်းပညာဆိုင်ရာ ပေါင်းစည်းဆောင်ရွက်ရန်တို့ကို အကြံပြုတင်ပြခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် Ramesh Chand က ရာသီဥတုဒဏ်ခံနိုင်ရှိပြီး "အနာဂတ်အစားအစာ" ဖြစ်သည့် ကောက်ပဲသီးနှံဆိုင်ရာ လေ့လာမှုများအတွက် ဘရာဇီးလ်ကို ကူညီပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံဖြစ်သည့် COP30 တွင် အိမ်ရှင်နိုင်ငံအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် စိုက်ပျိုးရေးကဏ္ဍမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနည်းဆိုင်ရာ အစီအစဉ်ကိုမြှင့်တင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံအကြား ပဲမျိုးစုံ ကုန်သွယ်မှုအတွက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Agribusiness & Trade

Source: Consumer affairs secy urges Brazil to grow pulses, Mint, 2 November 2023.
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

............................................................................................................

## အိန္ဒိယကမ္ဘာ့စားနပ်ရိက္ခာပြပွဲကာလအတွင်း ကုမ္ပဏီများအကြား နားလည်မှုစာချွန်လွှာ ၁၆ ခု လက်မှတ်ရေးထိုးနိုင်ခဲ့

နယူးဒေလီမြို့တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် မှ ၅ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် အိန္ဒိယ ကမ္ဘာ့အစားအစာပြပွဲ (World Food India 2023) ၏ ပထမဆုံးနေ့၌ပင် အိန္ဒိယကုမ္ပဏီများသည် စားသောကုန်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသော သဘောတူညီမှုများကို ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် စားနပ်ရိက္ခာစီမံဆောင်ရွက်ရေး ဝန်ကြီးဌာန (MoFPI) နှင့် ကုမ္ပဏီအသီးသီးတို့အကြား နားလည်မှုစာချွန်လွှာ စုစုပေါင်း (၁၆) ခု လက်မှတ်ရေးထိုးခဲ့သည်ဟု တရားဝင်ထုတ်ပြန်ကြေငြာချက်များအရ သိရှိရကြောင်း The Hindu BusinessLine website တွင်ဖော်ပြထားပါသည်။

အဆိုပါ သဘောတူညီချက်များ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် ရူပီး သန်းပေါင်း တစ်သိန်းနှစ်သောင်း ဝန်းကျင်ခန့်ရှိပြီး လက်မှတ်ရေးထိုးမှုများတွင် ပြည်တွင်းနှင့် နိုင်ငံတကာ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအချို့ ပါဝင်ပါကြောင်းနှင့် အဓိက ကုမ္ပဏီများမှာ Mond–elez India ၊ Kellogg India၊ ITC၊ Innobev ၊ Nedspice ၊ Ananda ၊ General Mills နှင့် Ab Inbev တို့ ပါဝင်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် အိန္ဒိယ စားနပ်ရိက္ခာစီမံဆောင်ရွက်ရေးဝန်ကြီးဌာနသည် World Food India 2023 ၏ ဖွင့်ပွဲနေ့တွင် စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပါကြောင်း၊ အဆိုပါဆွေးနွေးပွဲကို ပြည်ထောင်စု ဝန်ကြီး Pashupati Kumar Paras နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် စားသုံးသူရေးရာ၊ စားနပ်ရိက္ခာပြည်သူ့ဖြန့်ဖြူးရေးနှင့် အထည်အလိပ် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Piyush Goyal တို့မှ ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်း စားပွဲဝိုင်းဆွေးနွေးပွဲကို စားသောက်ကုန် ထုတ်လုပ်ရေးကဏ္ဍရှိ ဦးဆောင်ကုမ္ပဏီ ၇၀ ကျော်မှ အမှုဆောင်အရာရှိများနှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုလွယ်ကူစေခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိတ်ဝင်စားသည့် ကဏ္ဍများနှင့် အိန္ဒိယအစားအစာ ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက်လိုအပ်ချက်များအပေါ် လုပ်ငန်းရှင်များ၏ အမြင်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်ဟု တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။ ထို့အပြင် ထုတ်လုပ်မှုနှင့်

Agribusiness & Trade

ချိတ်ဆက်၍ မက်လုံးပေးဆွဲဆောင်မှုအစီအစဉ်(Production Linked Incentive Scheme) ၊ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာအခွန် (GST)၊ နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းစဉ်ဆိုင်ရာနယ်ပယ်များတွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရင်းမြစ်များအရ သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် အစားအစာထုတ်လုပ်မှုကဏ္ဍအတွက် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: World Food India : 16 MoUs signed by companies committing investment worth RS 17,990 crore in food processing sector, The Hindu Business Line.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.................................................................................................................................

## အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးကုန်ကြမ်းပစ္စည်းများကို တင်ပို့မည့်အစား ပြုပြင်ပြီးစားသောက် ကုန်များတင်ပို့မှုကို ဆက်လက်မြှင့်တင်သွားမည်

အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးကုန်ကြမ်းပစ္စည်းများကို တင်ပို့မည့်အစား ပြုပြင်ပြီးစားသောက် ကုန်များတင်ပို့မှုကို ဆက်လက်မြှင့်တင်သွားမည်ဟု ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် Sunil Barthwal က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော (၁၀) စုနှစ်အတွင်း ပြည်ပသို့ စိုက်ပျိုးရေး ပို့ကုန်များတင်ပို့မှုတွင် ပြုပြင်ပြီးစားသောက်ကုန်များ၏ ဝေစုသည် ၁၄ ရာခိုင်နှုန်း မှ ၂၇ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း အလေးပေးဖော်ပြ၍ ယခုကဲ့သို့ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

နယူးဒေလီမြို့တော် Pragati Maidan ၌ ယခုလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ် အိန္ဒိယ စားသောက်ကုန် ကုန်စည်ပြပွဲ (World Food India 2023) သို့ အရှေ့အလယ်ပိုင်းဒေသမှ ဝယ်သူ ၁၃၅ ဦးအပါအဝင် နိုင်ငံပေါင်း ၈၀ မှ ဝယ်သူ ၁၀၀၀ ကျော်လာရောက်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ အဆိုပါ ကုန်စည်ပြပွဲသို့ လာရောက်ရန် စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Agricultural and Processed Food Products Export Development Authority-Apeda)၊ ပင်လယ်ထွက်ကုန်များတင်ပို့မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (Marine Products Export Development Authority-Mpeda)၊ ဟင်းခတ်အမွှေးအကြိုင်ဘုတ်အဖွဲ့ (Spice Board)၊ လက်ဖက်ဘုတ်အဖွဲ့ (Tea Board)နှင့် ကော်ဖီဘုတ်အဖွဲ့ (Coffee Board) တို့က ပူးပေါင်းကမကထပြု ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Agribusiness Trade

အစိုးရအနေဖြင့် ပြည်သူ ၁ ဒသမ ၄ ဘီလျံအတွက် ဖူလုံမှုရှိရေးက အမြဲတမ်းဦးစားပေးအခြေအနေဖြစ်ပြီး၊ ပိုလျှံမှသာ ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ပြုပြင်ပြီးစားသောက်ကုန်များသည် ဈေးကောင်းရရှိနိုင်သည့်အတွက် အိန္ဒိယ အစိုးရအနေဖြင့် ပို့ကုန်တင်ပို့သူများအား ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ ပြုပြင်ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲပြီးနောက် ကမ္ဘာ့ဝယ်လိုအားအလျောက် တင်ပို့ရောင်းချသွားစေလိုကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် မြှင့်တင်သွားနိုင်ရေးမဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားရန် ရည်ရွယ်၍ အစိုးရ၏ အဓိက လယ်ယာထွက်ကုန်တင်ပို့မှုမြှင့်တင်ရေးအဖွဲ့အစည်း ဖြစ်သော Apeda နှင့် LuLu Hypermarket တို့အကြား ယခုလ ၃ ရက်နေ့က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး ခဲ့ကြကြောင်း သိရသည်။

အစိုးရက ဂျုံနှင့် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုများပိတ်ပင်ခဲ့သည့်အတွက် လက်ရှိဘဏ္ဍာနှစ်၏ ဧပြီလမှ ဩဂုတ်လအထိ ၅ လတာကာလအတွင်း Apeda မှ မြှင့်တင်ထားသည့် ထုတ်ကုန်ပစ္စည်း အမျိုးအမယ် ၂၇ ခု၏ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၄ ဘီလျံ (၁၁ ရာခိုင်နှုန်း) သို့ ကျဆင်းခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

ပို့ကုန်ရည်မှန်းချက် ၂၃ ဒသမ ၅၆ ဘီလျံအားကျော်လွန်ရန် Apeda မှ မြှင့်တင်ထားသော အဓိက စိုက်ပျိုးရေးနှင့် ပြုပြင်ပြီးထုတ်ကုန်များ (အမျိုးအစားခွဲလျှင် အမျိုးအမည် ၂၇ ခု) ၏ တင်ပို့မှုမှာ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅၇ ဘီလျံရှိရာမှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၂ ဘီလီလျံ (၈ ဒသမ ၇၄ ရာခိုင်နှုန်း) သို့ ရုတ်ချည်းတိုးမြှင့်တင်ပို့ နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို အဓိကတင်ပို့ရောင်းချလျက်ရှိပြီး အများစုမှာ မပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများသာ ဖြစ်ကြပါသည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုသည် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု၏ ၄ ပုံ ၁ ပုံမျှသာရှိကြောင်း တွေ့ရှိရသည့်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သင့်ပါကြောင်း အိန္ဒိယနိုင်ငံ၏ ပြုပြင်ပြီးစားသောက်ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးမူဝါဒအပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: The Hindu Businessline သတင်းဌာန၊ “Government prioritises processed food exports as restrictions on raw items increase in frequency”၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တားမြို့

……………………………………………………………………………………………

Agribusiness & Trade

## ထိုင်းနိုင်ငံ အစိုးရအဖွဲ့က ဆန်စပါးအတွက် ဘတ် ၅၅ ဘီလီယံ ထောက်ပံ့မှု အစီအမံများအပေါ် ခွင့်ပြုခဲ့

၂၀၂၃-၂၀၂၄ စပါးစိုက်ပျိုးရာသီတွင် ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဘတ် ၅၅ ဘီလီယံ အကုန်အကျခံဆောင်ရွက်မည့် အစီအမံများကို ယမန်နေ့ (၇-၁၁-၂၀၂၃) အစိုးရအဖွဲ့အစည်းအဝေးက ခွင့်ပြုလိုက်ကြောင်း သိရှိရပါသည်။

လယ်သမားများအား အစိုဓာတ် ၂၅ ရာခိုင်နှုန်းဖြင့် စပါးရောင်းချမှုကို နှောင့်နှေးစေမည့် ချေးငွေ များပါဝင်ကြောင်း၊ ဈေးကွက်ထဲတွင် စပါးဈေးမတက်မချင်း စပါးဝယ်ယူရာတွင် သမဝါယမ အသင်း များအား စိုက်ပျိုးစရိတ် ချေးငွေ ပေးအပ်သွားမည် ဖြစ်ကြောင်း၊ လယ်သမားများ စပါးရောင်းချမှုကို ၅ လတာ နှောင့်နှေးစေမည့် ချေးငွေအစီအစဉ်များအရ အစိုးရအနေဖြင့် ဈေးကွက်အတွင်း ဝင်ရောက် ကိုင်တွယ်သွားမည် ဖြစ်ကြောင်း၊ အစီအစဉ်တွင် ပါဝင်သွားမည့် တောင်သူများအား ၁ တန်လျှင် ဘတ် ၁၂,၀၀၀ နှင့် သိုလှောင်မှုအတွက် ၁ တန်လျှင် အပို ထပ်ဆောင်း ဘတ် ၁၅,၀၀၀ ပေးဆောင်သွားမည် ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဤအစီအစဉ်အရ တန်ချိန် ၃ သန်းရရှိရန် ရည်ရွယ်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားပါသည်။

စိုက်ပျိုးရေးသမဝါယမအသင်းများက စပါးဝယ်ယူရာတွင် အစိုးရအနေဖြင့် ဈေးကွက်အတွင်း ပါဝင်ဆောင်ရွက်ရန် ထိုင်း Hom Mali ရနံ့ပါ ဆန် ၁ တန်လျှင် ဘတ် ၁၂,၂၀၀ ဖြင့် ဝယ်ယူ အားပေးသွားမည်ဖြစ်ပြီး တန်ချိန် ၁ သန်းဖြစ်ကြောင်း၊ အဆိုပါ ဆောင်ရွက်ချက် ၂ ခုအတွက် ဘတ် ၅၅ ဘီလီယံ လိုအပ်ကြောင်း၊ အဆိုပြု ဘတ်ဂျက် ဘတ် ၅၆ ဘီလီယံတွင် ပါဝင်သည့် အိမ်ထောင်စု တစ်စုလျှင် ၂၀ ဧကထက် မကျော်လွန်စေဘဲ ၁ ဧကလျှင် ဘတ် ၁,၀၀၀ နှုန်းဖြင့် ဆန်အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးပေးမည့် အစီအမံအတွက် နိုင်ငံအဆင့် ဆန်မူဝါဒကော်မတီ၏ ခွင့်ပြုချက် လိုအပ်မည် ဖြစ် ကြောင်း၊ အစိုးရ၏ ဘတ် ၁,၀၀၀ ထောက်ပံ့ပေးမည့် အစီအစဉ်အတွက် သင့်လျော်သောပုံစံ စဉ်းစားနေပါကြောင်း ဝန်ကြီး က ဖြည့်စွက်ပြောကြားပါသည်။

လာမည့် ရိတ်သိမ်းရာသီတွင် ဆန်စပါးဈေးနှုန်းအပေါ် ကြားဝင်ဆောင်ရွက်ပေးမည့် မူဝါဒကို ပြင်ဆင်ရန် အစိုးရအနေဖြင့် လျာထားပါကြောင်း၊ ယင်းပြင်ဆင်မှုများသည် ထောက်ပံ့မှုများကို လျှော့ချခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးပွားစေရေးဖြစ်ကြောင်း၊ မူဝါဒအသစ်အရ ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ခြင်း သို့မဟုတ် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များနှင့်စပ်လျဉ်း၍ တောင်သူများ နှင့် ဦးစွာ ဆွေးနွေးရန် လိုအပ်ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Chai Wacharonke က ပြောကြားပါ သည်။

Agribusiness & Trade

အစိုးရသည် ၁၅ ရာခိုင်နှုန်းရှိသော Hom mali စပါး ဈေးကွက်ပေါက်ဈေးမှာ ၁ တန်လျှင် ဘတ် ၁၄,၈၀၀ – ၁၅,၀၀၀ ခန့် ရှိပါကြောင်း၊ ရိတ်သိမ်းပြီးပါက အစိုးခတ် ၂၅ ရာခိုင်နှုန်းသို့ ရောက်ရှိပြီး ၁ တန်လျှင် ဘတ် ၁၂,၀၀၀–၁၂,၃၀၀ ပေါက်ဈေးရှိပါကြောင်း၊ လက်ရှိတွင် ဈေးကွက်ပေါက်ဈေး သည် ၁ တန်လျှင် ဘတ် ၁၁,၀၀၀ ဖြစ်သဖြင့် ဈေးနိမ့်နေပါကြောင်း၊ ယင်းကြောင့် စိုက်ပျိုးရေးနှင့် သမဝါယမ ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ဈေးကွက် အတွင်း ပိုလျှံဆန် ဝယ်ယူခြင်းနှင့် ဈေးနှုန်းတိုးမြှင့်ရေးအတွက် အစီအမံများ အဆိုပြုခဲ့ခြင်း ဖြစ်ကြောင်း Mr. Chai က ရှင်းလင်းပြောကြားပါသည်။

၂၀၂၃–၂၀၂၄ တိရစ္ဆာန်ပြောင်းရိတ်သိမ်းရာသီတွင် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင် ရွက်မည့် အစီအစဉ် ၂ ခုအပေါ်တွင်လည်း အစိုးရအဖွဲ့က ခွင့်ပြုပေးခဲ့ကြောင်း၊ ဘတ်ဂျက် ဘတ် ၆၅.၁ သန်းဖြစ်ပြီး ဈေးကွက်အတွင်း အလွန်အကျွံ ရောင်းလိုအားကို ရက် ၆၀ မှ ၁၂၀ အတွင်း စိုက်ပျိုးရေးနှင့် စီးပွားရေး အဖွဲ့အစည်းများ၏ စတော့ခ်များကို ထိန်းထားစေရန် ၎င်းတို့အား အတိုးနှုန်း ထောက်ပံ့ပေးရန်နှင့် ဈေးကွက်အတွင်း ရောင်းလိုအား မြင့်မားနေချိန်တွင် ဈေးနှုန်း တည်ငြိမ်စေရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ အစိုးရ၏ စပါးရိတ်သိမ်းချိန် အလွန်အကျွံ ရောင်းလိုအား ဖြစ်ပေါ်နေချိန်တွင် စပါး ဈေးနှုန်းကြောင့် တောင်သူများအပေါ် သက်ရောက်မှုနည်းပါးစေရန်နှင့် ပုဂ္ဂလိကကဏ္ဍ၏ ဈေးနှုန်း ကစားမှုကို ထိန်းချုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

Source: www.bangkokpost. gov

ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။

…………………………………………………………………………………………

## (၆)ကြိမ်မြောက် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့

ကမ္ဘာ့အကြီးဆုံး သွင်းကုန်ပြပွဲဖြစ်သည့် (၆)ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ ($6^{th}$ China International Import Expo–CIIE)ကို ရှန်ဟိုင်းမြို့၌ ၅–၁၁–၂၀၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်စည်ပြပွဲ၌ တစ်ကမ္ဘာလုံးမှ လုပ်ငန်းပေါင်း (၃၄၀၀)ကျော် ပါဝင်ပြသခဲ့ ကြောင်း သိရှိရပါသည်။

အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း (၁၅၀၀)ခန့်တက်ရောက်သည့် ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ဝန်ကြီးချုပ် Li Qiang က တရုတ်နိုင်ငံတွင် စားသုံးသူများ၏ ဝယ်လိုအား

နှင့် ဈေးကွက်ထပ်မံဖွင့်လှစ်ခြင်းသည် ရပ်တန့်နေသော ကမ္ဘာ့စီးပွားရေးအတွက် လိုအပ်နေသော တွန်းအားပေးမှုကို ဖြစ်ပေါ်စေနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် မူဝါဒများကိုဖြေလျှော့၍ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများထံမှ ကုန်ပစ္စည်းများ ပိုမိုဝယ်ယူကာ နိုင်ငံတကာကုမ္ပဏီများကို အခွင့်အလမ်းများ ပေးဆောင်သွားမည်ဟု Li က ကတိပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အလယ်အလတ်ဝင်ငွေရှိသော စားသုံးသူ သန်း (၄၀၀)သည် ကြီးမားသော ဝယ်နိုင်စွမ်းအားကို ကိုယ်စားပြုပြီး ဈေးကွက်ချဲ့ထွင်ရန် အလားအလာကောင်းများစွာရှိနေ ကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်အတွက် အခြားသောစီးပွားရေးအင်အားကြီးနိုင်ငံများက တရုတ်နိုင်ငံနှင့်အတူတကွ ကြိုးပမ်းသင့်သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်သွင်းမှုစုစုပေါင်း သည် အမေရိကန်ဒေါ်လာ (၁၇)ထရီလီယံအထိ ရှိလာမည်ဟု မျှော်လင့်ကြောင်း၊ တရုတ်နိုင်ငံသည် ပိုမိုကြီးမားသော ဈေးကွက်အခွင့်အလမ်းများကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ပြီး ရှေ့ပြေး လွတ်လပ်သောကုန်သွယ်မှုဇုန်များနှင့် ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှု ဆိပ်ကမ်းကဲ့သို့သော ပို၍အဆင့်မြင့်မားသည့်ဈေးကွက်ဖွင့်လှစ်မှုလမ်းကြောင်းများကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ဈေးကွက်ဝင်ရောက်မှုကို ချဲ့ထွင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ တရား ဝင်အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွင် ပါဝင်ရန် တရုတ်နိုင်ငံသည် အဆင်သင့်ရှိနေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

CIIE မှ အသစ်ထုတ်ပြန်လိုက်သော ကမ္ဘာ့ပွင့်လင်းမြင်သာမှုညွှန်းကိန်းအရ တရုတ်နိုင်ငံ၏ ပွင့်လင်းမှုအညွှန်းကိန်းသည် ၂၀၀၈ ခုနှစ်တွင် (၀.၆၇၈၉)မှ ၂၀၂၂ ခုနှစ်တွင် (၀.၇၅၁၇)သို့ မြင့်တက်လာသောကြောင့် အရည်အသွေးမြင့်ဈေးကွက်ဖွင့်လှစ်မှုကို မြှင့်တင်ရာတွင် သိသာ ထင်ရှားသော တိုးတက်မှုရရှိခဲ့ကြောင်း၊ တစ်ချိန်တည်း၌ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံ အဆင့်သတ်မှတ်ချက်သည် တစ်ကမ္ဘာလုံးတွင် အဆင့်(၄၇)ရှိခဲ့ရာမှ အဆင့်(၄၀)သို့ ခုန်တက်သွား ကြောင်းလည်း သိရှိရပါသည်။

(၆)ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲတွင် ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်း (၅၀၀) အနက်မှ စုစုပေါင်း (၂၈၉)ခု ပါဝင်ရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။ ပြပွဲ၌ ပြခန်းပေါင်း (၃,၄၀၀)ကျော်နှင့် လာရောက်လေ့လာသူ

Agribusiness & Trade

ညွှန့်သည် (၄၁၀,၀၀၀)ကျော် တက်ရောက်ရန် စာရင်းသွင်းထားပြီး ကပ်ရောဂါမဖြစ်ပွားမီအဆင့်သို့ အပြည့်အဝ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

(၆)ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး လုပ်ငန်းများအား စီးပွားရေးအခွင့်အလမ်းများ ပံ့ပိုးပေးခြင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေခြင်းနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင် ပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများထံမှ ချီးကျူးစကားများ ရရှိခဲ့ကြောင်းလည်း သိရှိရပါသည်။

အဆိုပါကုန်စည်ပြပွဲသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများနှင့် ကုန်သွယ်မှု ဆက်ဆံရေး ဟန်ချက် ညီစေရန် တရုတ်နိုင်ငံ၏ ကတိကဝတ်ကို ပြသခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ၏ အထွေထွေအတွင်းရေးမှူး Rebeca Grynspan က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကတိကဝတ်အတိုင်း ဈေးကွက်ဖွင့်လှစ်ခြင်းသည် ကုန်သွယ်မှု အတားအဆီး များကို ဖယ်ရှားခြင်း (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းသာမက ယဉ်ကျေးမှုဖလှယ်ရန် စိတ်ကူးစိတ်သန်းသစ်များကိုပါ ဖြစ်ပေါ်စေကြောင်း သိရှိရပါသည်။

Source: https://finance.stockstar.com/IG2023110600022291.shtml

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

………………………………………………………………………………………

Agribusiness & Trade